# မြန်မာ့ကျောက်မျက်ရတနာမူဝါဒ ဖော်ပြချက်များအပေါ် အကြံပြုချက်များတောင်းခံခြင်း

၁။ မြန်မာ့ကျောက်မျက်ရတနာကဏ္ဍပြုပြင်ပြောင်းလဲရန် ရည်ရွယ်၍ **"ကျောက်မျက်ရတနာမူဝါဒ"** ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးတို့အတွက် အစိုးရဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ(၂၂)ဦးပါဝင်သည့် **"ကျောက်မျက်ရတနာကဏ္ဍအထောက်အကူပြုရေးကော်မတီ"** (Supporting Committee)ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက (၉.၁၁.၂၀၁၇)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ **၁၀၆/၂၀၁၇** ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ ကော်မတီသည် မြစ်ကြီးနား၊ မိုးကုတ်၊ မုံရွာနှင့် မန္တလေးမြို့တို့တွင် Workshop များကို ကျင်းပ၍ လုပ်ငန်းနှင့် သက်ဆိုင်သူများအားလုံး၏ သဘောထားအမြင်များကိုရယူခြင်း၊ ပြည်ပပညာရှင်များ၏ အကူအညီဖြင့် ၎င်းသဘောထားအမြင်များကို မူဝါဒတွင် ထည့်သွင်းရေးဆွဲခြင်း၊ လစဉ်အစည်းအဝေးများ ကျင်းပ၍ မူဝါဒများကို ညှိနှိုင်းဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၃။ ယခု (၁၃.၁၂.၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကျောက်မျက်ရတနာကဏ္ဍအထောက်အကူပြုရေးကော်မတီ အစည်းအဝေးက မြန်မာ့ကျောက်မျက်ရတနာမူဝါဒဖော်ပြချက် (Policy Statement) (၃၆)ခု (နောက်ဆုံးမူကြမ်း)ကို ဆွေးနွေးအတည်ပြုနိုင်ခဲ့ပြီဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ နောက်ဆုံးမူကြမ်းအဖြစ် ပြုစုထားသည့် မြန်မာ့ကျောက်မျက်ရတနာမူဝါဒ ဖော်ပြချက်များ (Policy Statements) (၃၆)ခုကို အပေါ် အကြံပြုချက်များအား အောက်ပါအချက်များကို ဖော်ပြ၍ (E-mail;mge@e-monrec.gov.mm)သို့ (၁၈.၁.၂၀၁၉)ရက်နေ့အရောက် ပြန်လည်ပေးပို့နိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) အမည်၊

(ခ) အလုပ်အကိုင်/ရာထူး၊

(ဂ) အသင်း/အဖွဲ့/ဌာန၊

(ဃ) ဆက်သွယ်ရမည့်လိပ်စာ/ဖုန်းနံပါတ်၊

# မြန်မာ့ကျောက်မျက်ရတနာမူဝါဒဖော်ပြချက်များ
(Policy Statements)

## ကျောက်မျက်ရတနာ သယံဇာတခွဲဝေခြင်း

၁။ နိုင်ငံတော်နယ်နိမိတ်အတွင်းရှိ မြေပေါ်၊ မြေအောက်၊ ရေအောက်ကြမ်းပြင်နှင့် ရေအောက်မြေထုတွင် ဖြစ်တည်သည့် နိုင်ငံပိုင်ကျောက်မျက်ရတနာသယံဇာတများ ထုတ်ယူသုံးစွဲခြင်းမှ ရရှိသည့် အကျိုးအမြတ်ကို နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးက အပြည့်အဝခံစားခွင့်ရှိစေရန်အလို့ငှာ ကျောက်မျက်ရတနာသယံဇာတ ခွဲဝေခံစားမှုစနစ် (ဥပဒေမူဘောင်)နှင့် ပြည်ထောင်စုနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အလိုက် လုပ်ပိုင်ခွင့်များကို ရှင်းလင်းတိကျစွာ ဖော်ပြထားသော ကျောက်မျက်ရတနာလုပ်ငန်းအပေါ် စီမံခန့်ခွဲအုပ်ချုပ်မှုစနစ်တို့ကို ထူထောင်ရမည်။

## ရတနာနယ်မြေ သတ်မှတ်ခြင်း

၂။ သတ်မှတ်ထားပြီးဖြစ်သော ရတနာနယ်မြေများအတွင်းရှိ ဧရိယာအလိုက် ကျောက်မျက်ရတနာသိုက်များ၏ ဘူမိဗေဒဖြစ်တည်မှုအခြေအနေများ၊ မြေအောက်ရှိ ကျောက်မျက်သယံဇာတများကို ထုတ်ယူနိုင်ခွင့်ရှိသည့် ဧရိယာများ၊ မြေပေါ်သယံဇာတနှင့်ရုပ်ဝတ္ထုပစ္စည်းများကို ခံစားနိုင်ခွင့်ရှိသည့် ဧရိယာများအား ဘူမိဗေဒ၊ ဘူမိရူပနှင့် ဘူမိဓါတုဆိုင်ရာ အချက်များဖြင့် အခြေခံလေ့လာ၊ တိုင်းတာ၍ ရတနာနယ်မြေဧရိယာများ ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်း၊ ခေတ်မီကိရိယာ၊ နည်းပညာများ အသုံးပြု၍ မြေပုံရေးဆွဲခြင်းတို့အား စနစ်တကျ ဆောင်ရွက်ရမည်။

၃။ ရတနာနယ်မြေအသစ်များ သတ်မှတ်ခြင်းလုပ်ငန်းစဉ်နှင့် ရတနာနယ်မြေအတွင်း ကျောက်မျက်ရတနာလုပ်ကွက်များ အကွက်ရိုက်သတ်မှတ်ခြင်း လုပ်ငန်းစဉ်များသည် ရှင်းလင်းစွာနားလည်မှုနှင့် တာဝန်ခံနိုင်မှုရှိစေရမည်။ မြေအောက်သယံဇာတ ထုတ်ယူနိုင်ခွင့်နှင့် မြေပေါ်သယံဇာတနှင့် ရုပ်ဝတ္ထုပစ္စည်းများကို ခံစားနိုင်ခွင့်တို့အကြား ပဋိပက္ခဖြစ်ပွားခြင်း၊ မြေအသုံးချမှုများ ထပ်တူကျခြင်းများမရှိစေရန် ပြည်ထောင်စုအစိုးရနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့အကြား ပေါင်းစပ် ညှိနှိုင်းမှုများ လုပ်ဆောင်ရမည်။

## ကျောက်မျက်ရတနာ စမ်းသပ်ရှာဖွေခြင်း

၄။ ကျောက်မျက်ရတနာနယ်မြေဧရိယာနှင့် ရတနာနယ်မြေပြင်ပဧရိယာများတွင် ကျောက်မျက်ရတနာ စမ်းသပ်ရှာဖွေမှုများကို စနစ်တကျပြုလုပ်ရန် ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် စမ်းသပ်ရှာဖွေခြင်း အားမှန်ကန်စွာဆောင်ရွက်စေမည့် တိကျရှင်းလင်းသော စည်းကမ်းသတ်မှတ်ချက်များပြဋ္ဌာန်းခြင်းနှင့် စမ်းသပ်ရှာဖွေရရှိသည့် ဘူမိဗေဒသတင်း အချက်အလက်များအား ပြည့်စုံစွာ မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်သည်။

## မြန်မာ့ဓါတ်သတ္တုမှတ်ပုံတင်မြေပုံစနစ်

၅။ သတ္တုနှင့်ကျောက်မျက်သယံဇာတ တူးဖော်ထုတ်လုပ်ခွင့်ပြုရန် သတ်မှတ်ထားသည့်ဧရိယာကို မြေပုံရေးဆွဲခြင်း၊ တူးဖော်ထုတ်လုပ်ခွင့်ပြုမိန့် ထုတ်ပေးခြင်းနှင့် တူးဖော်ထုတ်လုပ်မှုအပေါ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းများအပေါ် စနစ်တကျမှတ်တမ်းတင်နိုင်မှု၊ ကောင်းမွန်စွာစီမံ ခန့်ခွဲနိုင်မှုများရရှိစေနိုင်မည့် Cadaster System တစ်ခုကို ခေတ်မီကိရိယာ၊ နည်းပညာများအသုံးပြု၍ ထူထောင်ရမည်။

## ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်

၆။ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းအမျိုးအစားအလိုက် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်က ခွင့်ပြုမိန့်ထုတ်ပေးပိုင်ခွင့်တာဝန်များနှင့် ခွင့်ပြုမိန့်ထုတ်ပေးရာတွင် အခြေခံအသုံးပြုရမည့်စနစ်ကို မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့် နည်းဥပဒေတို့တွင် ရှင်းလင်းစွာ ပြဋ္ဌာန်းထားရမည်။

၇။ ကျောက်မျက်ရတနာတူးဖော် ထုတ်လုပ်ခွင့်ပြုမိန့် လျှောက်ထားသည့် ကုမ္ပဏီ/လူပုဂ္ဂိုလ်များအားလုံးက သာတူညီမျှသော အခွင့်အရေးကိုခံစားနိုင်စေရန်နှင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအားလုံး ပွင့်လင်းမြင်သာမှုရှိစေရန်အတွက်တိကျ၊ ရှင်းလင်းသောလုပ်ထုံး၊ လုပ်နည်း သတ်မှတ်ချက်များကို ရေးဆွဲထားရမည်။

၈။ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံကုမ္ပဏီများကသာ လုပ်ကိုင်ခွင့်ရှိစေရမည်။

၉။ ကျောက်မျက်ရတနာတူးဖော် ထုတ်လုပ်ခွင့်ပြုသည့်ဧရိယာအကျယ်အဝန်းနှင့် သက်တမ်းကာလသည် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ကျောက်မျက်ရတနာတူးဖော်မှုလုပ်ငန်းနှင့် တာဝန်သိသော ကျောက်မျက်ရတနာ ထုတ်လုပ်မှုလုပ်ငန်းများ၏ အင်္ဂါရပ်များကို အောင်မြင်စွာဖော်ဆောင်နိုင်ရန်အတွက် လုံလောက်မှုရှိစေရမည်။

၁၀။ ကျောက်မျက်ရတနာသယံဇာတကို သားစဉ်မြေးဆက်ရေရှည်သုံးစွဲနိုင်ရန်၊ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းများကို ပိုမိုထိရောက်ကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရန်၊ ကျောက်မျက်ရတနာ သယံဇာတများမှ အကျိုးအမြတ်ကို ပြည့်ဝစွာခံစားရရှိနိုင်စေရေး ကျောက်မျက်ရတနာဈေးကွက် ထိန်းချုပ်နိုင်ရန်အတွက် ကျောက်မျက်တူးဖော် ထုတ်လုပ်ခွင့်ပြုမိန့်ကို အကန့်အသတ် Phased Approach ဖြင့်သာ ထုတ်ပေးရမည်။

## တူးဖော်မှုကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် ထုတ်လုပ်မှုကိုကြေညာခြင်း

၁၁။ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ဦးစားပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်၊ လူမှုဝန်းကျင်တို့အပေါ် ဆိုးကျိုးအနည်းဆုံး သက်ရောက်စေမှုကို ပိုမိုဦးစားပေးသည့် တာဝန်ယူမှု၊ တာဝန်

ခံမှုရှိသော ကျောက်မျက်ရတနာတူးဖော်မှုလုပ်ငန်းနှင့် တာဝန်သိသော ကျောက်မျက်ရတနာ ထုတ်လုပ်မှုလုပ်ငန်းများ ဖြစ်စေရမည်။

၁၂။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော တူးဖော်မှုများနှင့် တာဝန်သိသော ထုတ်လုပ်မှုများအပေါ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးရန်နှင့် ပွင့်လင်းမြင်သာစွာ ကြေညာနိုင်စေရန်တို့အတွက် ကျောက်မျက်ရတနာ ဥပဒေနှင့် နည်းဥပဒေများတွင် တာဝန်နှင့် အခွင့်အရေးများကို ရှင်းလင်းစွာသတ်မှတ်ခြင်းနှင့် ကောင်းမွန်သော သယံဇာတစီမံခန့်ခွဲမှု စနစ်ထူထောင်ခြင်းတို့အား ဆောင်ရွက်ရမည်။

## ပွင့်လင်းမြင်သာမှု

၁၃။ အကျိုးအမြတ်အစစ်အမှန်ပိုင်ဆိုင်မှု (Beneficial Owners) သတင်း၊ အချက်အလက်များကို အများပြည်သူက ပွင့်လင်းမြင်သာစွာသိရှိအောင် ထုတ်ဖော်ကြေညာခြင်းနှင့် ပတ်သက်၍ ကျောက်မျက်ရတနာကဏ္ဍနှင့် လိုက်လျော ညီထွေသော နိုင်ငံတကာစံနှုန်းများနှင့်အညီ ထုတ်ပြန်ကြေညာစေရမည်။

၁၄။ နိုင်ငံတော်နှင့်ကျောက်မျက် ရတနာတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့် ရရှိသူတို့အကြားချုပ်ဆိုမည့် နှစ်ဖက်သဘောတူစာချုပ်တွင် အခွင့်အရေးအဖြစ် ရယူခံစားနိုင်သည့် ဖော်ပြချက်များသည် နိုင်ငံတော် ၏ အကျိုးစီးပွားကို ရှေ့ရှုသောအချက်များပါဝင်စေပြီး တာဝန်အဖြစ် လိုက်နာဆောင်ရွက်ရမည့် ဖော်ပြချက်များသည် နိုင်ငံတကာအခြေခံစံနှုန်းများကို မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း၏ သဘောသဘာဝများနှင့် ကိုက်ညှိချိန်ထိုးထားသည့် အချက်များ ပါဝင်စေရမည်။ နှစ်ဖက်သဘောတူစာချုပ်ပါ ဖော်ပြချက်များကို အများပြည်သူက ပွင့်လင်းမြင်သာစွာ သိနိုင်ခွင့် ရှိစေရမည်။

## အသေးစားနှင့် လက်လုပ်လက်စားတူးဖော်သူများ

၁၅။ ကျောက်မျက်ရတနာ အသေးစားနှင့် လက်လုပ်လက်စား တူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်ရရှိသူများ အတွက် စီးပွားရေးအခွင့်အလမ်းနှင့် ဒေသအတွက် အလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်နိုင်စေမည့် ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက ထုတ်ပြန်နိုင်ခွင့်အား ကျောက်မျက်ရတနာဥပဒေတွင် ပြဋ္ဌာန်းထားရမည်။

၁၆။ ကျောက်မျက်ရတနာ လက်လုပ်လက်စားရှာဖွေသည့်လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိစေခြင်း၊ ၎င်းလုပ်ငန်း၏ အဓိပ္ပါယ်ကို တိကျစွာဖွင့်ဆိုခြင်း၊ ရှာဖွေခွင့်ရရှိသူများ၏တာဝန်နှင့် အခွင့်အရေးများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

## ကျောက်မျက်ရတနာ တန်ဖိုးသတ်မှတ်ခြင်း

၁၇။ ကျောက်မျက်ရတနာတန်ဖိုးသတ်မှတ်ခြင်းနှင့် ရတနာခွန်ကောက်ခံခြင်း လုပ်ငန်းများအတွက် ကျောက်မျက်ရတနာဥပဒေတွင် ပြဋ္ဌာန်းထားသောအချက်များသည် နိုင်ငံတော်နှင့် နိုင်ငံသားလုပ်ငန်းရှင်တို့အတွက် အကျိုးစီးပွားပဋိပက္ခမဖြစ်စေမှု၊ ကျောက်မျက်ရတနာကဏ္ဍနှင့် ဆက်စပ်သူအားလုံး

အတွက် ရှင်းလင်းစွာနားလည်မှု၊ ပြည်သူအားလုံးအတွက် ပွင့်လင်းမြင်သာမှုများကို ဖော်ဆောင်စေနိုင်သည့်အချက်များ ဖြစ်စေရမည်။

၁၈။ ကျောက်မျက်ရတနာတန်ဖိုးဖြတ်အဖွဲ့၏ ဖွဲ့စည်းပုံ၊ တန်ဖိုးဖြတ်အဖွဲ့ဝင်များအတွက် အရည်အချင်းသတ်မှတ်ချက်နှင့် တန်ဖိုးဖြတ်အဖွဲ့က ထမ်းဆောင်ရမည့် လုပ်ငန်းစဉ်များ၊ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်ရရှိသူက လိုက်နာဆောင်ရွက်ရမည့် တာဝန်များကို ကျောက်မျက် ရတနာဥပဒေတွင် ရှင်းလင်းစွာပြဋ္ဌာန်း သတ်မှတ်ရမည်။

၁၉။ ကျောက်မျက်ရတနာတန်ဖိုးသတ်မှတ်မှု လုပ်ငန်းစဉ်များကို တာဝန်ခံမှုဖြင့် လိုက်နာဖော်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များကို ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သွေဖယ်မှုမရှိစေဘဲ တိကျစွာရေးဆွဲခြင်း၊ တတိယအဖွဲ့ကို ဖွဲ့စည်း၍ တန်ဖိုးသတ်မှတ်မှု လုပ်ငန်းစဉ်အားလုံးကို စောင့်ကြပ်၊ ကြည့်ရှု၊ စစ်ဆေးခြင်းတို့အားဆောင်ရွက်ရမည်။

**ကျောက်မျက်ရတနာကဏ္ဍရငွေကောက်ယူခြင်း၊ ခွဲဝေခြင်းနှင့် သုံးစွဲခြင်း**

၂၀။ ကျောက်မျက်ရတနာတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများအပေါ် အခွန်၊ အခ ကောက်ခံသည့်စနစ်၊ သတ်မှတ်ထားသည့်အခွန်၊ အခနှုန်းထားများကို ပြန်လည်သုံးသပ်မှုပြုလုပ်ခြင်းကို ကျောက်မျက်ရတနာကဏ္ဍနှင့် ဆက်စပ်သူများအားလုံးပါဝင်ဆောင်ရွက်စေရမည်။

၂၁။ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရတို့က အစိုးရအဆင့်အလိုက် ကျောက်မျက်ရတနာကဏ္ဍကောက်ခံပိုင်ခွင့်ရှိသည့် အခွန်၊ အခအမျိုးအစားနှင့် နှုန်းထားများကို ဥပဒေတွင် ရှင်းလင်းစွာသတ်မှတ်ရမည်။ အခွန်၊ အခကောက်ခံရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံး၊ လုပ်နည်းသတ်မှတ်ချက်များနှင့် ကျောက်မျက်ရတနာကဏ္ဍမှရရှိနိုင်သည့် အခြားရငွေများခွဲဝေရာတွင် ခံစားရယူနိုင်သည့် သတ်မှတ်ချက်များကို ရေးဆွဲထားရမည်။

၂၂။ နိုင်ငံအတွင်းပေါ်များ ကြွယ်ဝစွာဖြစ်တည်ခဲ့သော ကျောက်မျက်ရတနာများမှ ရငွေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအပေါ်အကျိုးဖြစ်ထွန်းစေမှုကို ယခုအချိန်တွင်သာမက နောင်အချိန်များတွင်ပါ ရရှိနိုင်စေမည့် Sovereign Wealth Fund သို့မဟုတ် သယံဇာတရန်ပုံငွေတရပ်ကို ကျောက်မျက်ရတနာကဏ္ဍရငွေများ၏ ပမာဏတစ်ခုဖြင့် ထူထောင်ရမည်။

**သဘာဝပတ်ဝန်းကျင် ထိခိုက်နစ်နာမှုကို စီမံခြင်း**

၂၃။ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်နိုင်သည့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ အနည်းဆုံးဖြစ်စေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP)၊ တူးဖော်မှုကြောင့်ဖြစ်ပေါ်ခဲ့သော ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင်သည့် သက်ရောက်မှုများအပေါ် အကဲဖြတ်ဆန်းစစ်ချက်အစီအရင်ခံစာ(EIA)နှင့် ပျက်စီးခဲ့သောပတ်ဝန်းကျင်ကို မူလအခြေအနေသို့ ရောက်ရှိစေရန်ဆောင်ရွက်ရမည့် ပြန်လည်ဆယ်တင်ထူထောင်ခြင်း (Reclamation Plan) စီမံချက်

များကို အမျိုးသား ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်းသတ်မှတ်ချက်များနှင့်အညီ ရေးဆွဲခြင်း၊ လိုက်နာအကောင်အထည်ဖော်ဆောင်ခြင်း များကို ဆောင်ရွက်စေရမည်။

၂၄။ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ် ခွင့်ပြုမိန့်ထုတ်ပေးခြင်းကို ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်နှင့် ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်မှု လုပ်ငန်းစီမံချက်တို့ တင်ပြမှုအပေါ်တွင်လည်းကောင်း၊ ခွင့်ပြုမိန့်သက်တမ်းတိုးမြှင့်ပေးခြင်းကို တူးဖော်ထုတ်လုပ်မှု လုပ်ငန်းစီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင်သည့် သက်ရောက်မှုများအပေါ် အကဲဖြတ်ဆန်းစစ်ချက် အစီအရင်ခံစာ တင်ပြမှုအပေါ်တွင်လည်းကောင်း အခြေခံသုံးသပ်၍ ဆောင်ရွက်ရမည်။

၂၅။ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်ရရှိသူက လုပ်ငန်းပိတ်သိမ်းမှုစီမံချက် (MCP)နှင့် ပြန်လည်ဆယ်တင်ထူထောင်မှုစီမံချက်များအား သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျရေးဆွဲတင်ပြခြင်း၊ စီမံချက်ကို ဥပဒေနှင့်အညီ တာဝန်ခံမှုဖြင့် အကောင်အထည်ဖော်ဆောင်ခြင်းနှင့် ကျောက်မျက်ရတနာလုပ်ငန်းဆိုင်ရာကျင့်ဝတ်များကို တာဝန်ယူမှု၊ တာဝန်သိမှုဖြင့် ထိန်းသိမ်းခြင်းတို့အား ဆောင်ရွက်စေရမည်။

၂၆။ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းခွင်၏ လုံခြုံမှု၊ ဘေးအန္တရာယ်ကင်းရှင်းမှု အခြေအနေကို သယံဇာတထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ နိုင်ငံတကာစံနှုန်းများနှင့် နှိုင်းယှဉ်တိုင်းတာနိုင်သော အဆင့်အတန်းဖြစ်ပေါ်စေရန် ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခွင့်ပြုမိန့်နှင့် လုပ်ငန်းလိုင်စင်ရရှိသူများက ဆောင်ရွက်စေရမည်။

၂၇။ ကျောက်မျက်တူးဖော်ထုတ်လုပ်ခွင့်ပြုမိန့် ထုတ်ပေးမှုကို ဒေသခံများသို့ အသိပေးခြင်း၊ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများအပေါ် ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်းနှင့် ကျောက်မျက်တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများကြောင့် ဖြစ်ပေါ်သည့်သက်ရောက်မှုများကို ဒေသခံများက ဖော်ထုတ်တိုင်ကြားနိုင်ခြင်း စီမံဆောင်ရွက်ပေးရမည်။

**လူမှုဘဝထိခိုက်နစ်နာမှုကို စီမံခြင်း**

၂၈။ ကျောက်မျက်ရတနာကဏ္ဍရှိ လုပ်သားများသည် အသက်ကန့်သတ်မှု၊ အလုပ်ချိန်သတ်မှတ်မှုနှင့် လစာအပါအဝင် အခြားခံစားနိုင်မှုများကို သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ခံစားခွင့်ရှိစေရမည်။

၂၉။ အလုပ်သမားများ၏ လူ့အခွင့်အရေး ရပိုင်ခွင့်နှင့် နစ်နာမှုအပေါ်ခံစားခွင့်များကို ထုတ်ဖော်၊ တောင်းဆိုနိုင်ရန်၊ အလုပ်သမားများအတွက် ကျန်းမာရေး၊လူမှုရေး၊ ဘဝလုံခြုံရေးတို့ကို စောင့်ရှောက်ကူညီမှုများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ အလုပ်သမားများနှင့် ကျောက်မျက်ရတနာတူးဖော်ထုတ်

လုပ်ခွင့်ပြုမိန့်ရရှိသူတို့အကြား တရားမျှတမှုနှင့် ယုံကြည်မှုတည်ဆောက်နိုင်ရန်တို့အတွက် အလုပ်သမား အသင်းများ ထူထောင်နိုင်ခွင့် ရှိစေရမည်။

**တန်ဖိုးမြှင့်တင်ခြင်း၊ အရောင်းထည်ပြုလုပ်ခြင်းနှင့် ပြည်တွင်း၊ နိုင်ငံတကာဈေးကွက်များ**

၃၀။ ကျောက်မျက်ရတနာတန်ဖိုးမြှင့်တင်နိုင်ရေးနှင့် ကျောက်မျက်ရတနာကဏ္ဍတွင် အလုပ်အကိုင် ဖန်တီးပေးနိုင်ရေးတို့အတွက် အောက်ပါအချက်များပါဝင်သော မဟာဗျူဟာမြောက် ကျောက်မျက်ရတနာ အရောင်းထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ရေးဆွဲခြင်းနှင့် စီမံချက်ပါလုပ်ငန်းများအပေါ် အကောင်အထည်ဖော်ခြင်းတို့အား ဆောင်ရွက်ရမည်။

(က) ကျောက်မျက်ရတနာအရောင်းထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ ပံ့ပိုးမှုနှင့် လေ့ကျင့်သင်ကြားရေးဆိုင်ရာ ထောက်ပံ့မှု၊

(ခ) ကျောက်မျက်ရတနာအရောင်းထည်ကုန်သွယ်ခြင်းအတွက် ပြပွဲများ၊ ရောင်းချပွဲများ စီစဉ် ပေးခြင်း နှင့် အခွန်၊ အခနှင့်စည်းကမ်းသတ်မှတ်ချက်များလျှော့ချပေးမှု၊

(ဂ) ကျောက်မျက်ရတနာကုန်သွယ်ခွင့်ပြုမိန့်နှင့် လိုင်စင်များ လျှောက်ထားခြင်း၊ ထုတ်ပေး ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းသတ်မှတ်ချက်များ ဖြေလျှော့ပေးမှု၊

(ဃ) အသေးစားကျောက်မျက်ရတနာ အရောင်းထည်လုပ်ငန်းများအပေါ် အရင်းအနှီးမတည် ထောက်ပံ့ ပေးမှု၊

(င) ကျောက်မျက်ရတနာအရောင်းထည်လုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များပြား လာစေရန် ကမ်းလှမ်းဖိတ်ခေါ်မှု၊

(စ) လက်ဝတ်ရတနာဒီဇိုင်း ဆန်းသစ်တီထွင်မှုနှင့် နိုင်ငံတကာဈေးကွက်ရှာဖွေမှု၊

(ဆ) နိုင်ငံတကာအသိအမှတ်ပြု ကျောက်မျက်ရတနာဓာတ်ခွဲခန်းများ တည်ထောင်မှု၊

၃၁။ ကျောက်မျက်ရတနာအရိုင်း၊ ကျောက်မျက်ရတနာ အရောင်းထည်များကို သယ်ဆောင်ခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်းစသည့် ကုန်သွယ်မှုလုပ်ငန်းများအတွက် ပြည်တွင်း၊ ပြည်ပကျောက်မျက် ရတနာကုန်သွယ်ခွင့်ပြုမိန့်နှင့်လိုင်စင် အမျိုးအစားများနှင့် ခွင့်ပြုမိန့်၊ လိုင်စင်ကိုင်ဆောင်သူများ၏ တာဝန်နှင့် အခွင့်အရေးများကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေတို့တွင် ရှင်းလင်းစွာ ပြဋ္ဌာန်းသတ်မှတ်ထားရမည်။

၃၂။ ကျောက်မျက်ရတနာကုန်သွယ်ခွင့်ပြုမိန့်နှင့် လိုင်စင်များ လျှောက်ထားခြင်း၊ ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းသတ်မှတ်ချက်များကို ကုန်သွယ်မှုနှင့်သက်ဆိုင်သော ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဆင့်ကိုယ်စားပြုဌာနများအားလုံးညှိနှိုင်း၊ ပူးပေါင်း၊ ရေးဆွဲပြုစုရမည်။

**နိုင်ငံတကာ အရည်အသွေးမီ ဓါတ်ခွဲခန်းများ ထူထောင်ခြင်း**

၃၃။ မြန်မာ့ကျောက်မျက်ရတနာများ၏ရှားပါးမှု၊ အဖိုးထိုက်တန်မှုစသည့် ဂုဏ်အင်္ဂါရပ်များအပေါ် ယုံကြည်မှုရှိစေရန်နှင့် ဒေသတွင်းသာမက နိုင်ငံတကာကျောက်မျက်ရတနာဈေးကွက်တွင် ခိုင်မာစွာ ရပ်တည်နိုင်ရန်အတွက် စစ်မှန်သော ကျောက်ရည်ကျောက်သွေးများဖြစ်ကြောင်း ခေတ်မီစက်ကိရိယာ များနှင့် ကျွမ်းကျင်နည်းပညာများ အသုံးပြု၍ မှန်ကန်စွာစစ်ဆေး၊ အတည်ပြုပေးနိုင်သည့် ပုဂ္ဂလိက၊ အသင်း/အဖွဲ့ပိုင် ကျောက်မျက်ရတနာဓါတ်ခွဲခန်းများကို ကျောက်မျက်ရတနာလုပ်ငန်းများ ဖြစ်ထွန်းသည့် နေရာများတွင် နိုင်ငံတကာအဆင့်အတန်းနှင့်ညီစွာ တည်ထောင်နိုင်ရန် ထောက်ပံ့အားပေးမြှင့်တင်ရမည်။

**တာဝန်သိသောကျောက်မျက်တူးဖော်ရေး၊ ခြေရာကောက်အာမခံနိုင်ရေး (Traceability) နှင့် သက်သေခံ လက်မှတ် ထုတ်ပေးရေး**

၃၄။ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းစဉ်မှ ဈေးကွက်တင်ရောင်းချခြင်း လုပ်ငန်း စဉ်အထိ တန်ဖိုးကွင်းဆက်တိုင်း (Value Chain of Gemstones)တွင် ကျောက်မျက်ရတနာ၏ မူလ ဇစ်မြစ်အမှန်ကို တာဝန်သိစိတ်ဖြင့် ထုတ်ဖော်ကြေငြာစေခြင်း၊ ကျောက်မျက်ရတနာ၏ မူလဇစ်မြစ်ကို ပြန်လည်ရှာဖွေနိုင်သည့်စနစ်နှင့် မှန်ကန်ကြောင်း အတည်ပြုအထောက်အထားများ ထုတ်ပေးသည့်စနစ် ထူထောင်ခြင်းတို့အား ပံ့ပိုးဆောင်ရွက်ရမည်။

**အုပ်ချုပ်စီမံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ အစိုးရ၏ အုပ်ချုပ်စီမံရေးဆိုင်ရာဌာနနှင့် လုပ်ဆောင်ချက် များ**

၃၅။ ကျောက်မျက်ရတနာလုပ်ငန်းများအပေါ် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုများအတွက် ပြည်ထောင်စုအဆင့် နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်အလိုက် အစိုးရအဖွဲ့များ၏ အခွင့်အာဏာ၊ သယံဇာတဆိုင်ရာ ဝန်ကြီးဌာနများ၏ အုပ်ချုပ်စီမံခန့်ခွဲပိုင်ခွင့်၊ လုပ်ငန်းနှင့်ဆက်စပ်သော ဌာန၊ ကော်မတီ၊ အသင်း/အဖွဲ့ များ၏ အခန်းကဏ္ဍများနှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၏ တာဝန်နှင့် လုပ်ပိုင် ခွင့်များကို ဥပဒေ၊ နည်းဥပဒေများတွင် ရှင်းလင်းစွာဖော်ပြထားရမည်။

**နိုင်ငံဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် လေ့ကျင့်သင်ကြားရေး**

၃၆။ ကျောက်မျက်ရတနာတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်း/ဝယ်ခြင်းလုပ်ငန်း များကို စောင့်ကြပ်၊ ကြည့်ရှု၊ စစ်ဆေး၊ထိန်းချုပ်မှုတာဝန်များနှင့် နိုင်ငံတော်ဘဏ္ဍာငွေတိုးပွားစေရန် အတွက် အခွန်၊ အခစနစ်တကျ ကောက်ခံခြင်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး၊ လုပ်နည်း သတ်မှတ်ချက်များနှင့်အညီ ထိရောက်စွာထမ်းဆောင်နိုင်မည့် အသိပညာနှင့် နည်းပညာများ၊ စွမ်းရည်နှင့် အတတ်ပညာများကို နိုင်ငံ့ဝန်ထမ်းများ ကျွမ်းကျင်တတ်မြောက်မှုရှိစေရန်လေ့ကျင့် သင်ကြားပေးခြင်းနှင့် လုပ်ငန်းခွင်သုံး ခေတ်မီစက်ကိရိယာများ ဖြည့်ဆည်းပေးခြင်းတို့အား ဆောင်ရွက်ရမည်။